ခန္ဓီစ ဇတံ မဂ်လ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၁)၊ အမှတ်(၆၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဓာတိဂုဏ်ပြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Shakti Gurung နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Chopra Jasvinder Singh တို့အား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧဃျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel Shakti Gurung နှင့် စစ်သံမှူးအသစ် Colonel Chopra Jasvinder Singh တို့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧဃျာသီရိ ဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပညာဒေဝတ်၏ ပညာရေးကဏ္ဍမျှော်မှန်းချက်များ လူ့ဘောင်အပွဲအစည်းတစ်ရပ်လုံးနှင့်ဆက်နွှယ် ခေတ်မီဖွံ့ဖြိုးသောနိုင်ငံတော်ကြီးတည်ဆောက်ရေးဆိုသည့် အမျိုးသားရေးမျှော်မှန်းချက်များအထိအလျှံုးဝင်လာ ပညာရေးမြင့်တင်မှုများအောင်မြင်ရေး ကျောင်းသားနှင့်မိဘပြည်သူ တက်ညီလက်ညီပူးပေါင်းစွမ်းဆောင်

ရန်ကုန် ဒီဇင်ဘာ ၃

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီ ၄၅ မိနစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရုတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်သားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဟော်
(၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

စက်မှုလက်မှုကဏ္ဍအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရေး ပို့ကုန်အဖြစ်ယှဉ်ပြိုင်ထုတ်လုပ်နိုင်အောင်ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာစေရန် ပြန့်ကျဲနေသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုဇုန်၁၈ဇုန်နှင့် စက်မှုဇုန်ခွဲများကို ထူထောင်ပေးခဲ့သည်အနက် မန္တလေးစက်မှုဇုန်သည် တိုးတက်အောင်မြင်နေသော စက်မှုဇုန်တစ်ခုဖြစ်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒီဇင်ဘာလ ၂ရက် မွန်းလွဲပိုင်းက မန္တလေးမြို့ စက်မှုဇုန်(၁)ရှိ "Flying Wheel Industrial Ltd.၏ စပါးနှံတဆိပ် စက်ဘီးတာယာနှင့် ကျွတ်စက်ရုံမှ ထုတ်လုပ်သည့် စက်ဘီးတာယာအမျိုးမျိုးနှင့် ကျွတ်အမျိုးမျိုး၊ Good Brother's Machineries Co., Ltd.၏ မန္တလာလက်တွန်းထွန်စက်စက်ရုံမှ ထုတ်လုပ်သည့် လက်တွန်းထွန်စက်များ၊ ကုန်တင်ထော်လာဂျီများ၊ ထော်လာဂျီကာများနှင့် ဟိုက်ဒရောလစ်စနစ်ပါ ထော်လာဂျီကာများ၊ UD Group၏ Light Truck မော်တော်ယာဉ်နှင့် ၄၂ယောက်စီး ဘတ်စကား ထုတ်လုပ်မှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကနေ့ဝင်စက်မှုခန်းမ၌ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက–

"မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များသည် မိမိတို့၏ အရည်အချင်း၊ မိမိတို့၏ အခန်းကဏ္ဍကို နားလည်သိရှိပြီး မိမိတို့၏လုပ်ငန်းများကို တိုးတက်သည်ထက် တိုးတက်အောင် တီထွင်ကြံဆကြိုးစားကြစေလိုကြောင်း၊ လက်မှုလုပ်ငန်းအဆင့်မှ သမားရိုးကျ စက်ပစ္စည်းများသုံးစွဲနိုင်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ရာ ထိုမှတစ်ဆင့် ကွန်ပျူတာဖြင့်ထိန်းချုပ်သော ခေတ်မီစက်ပစ္စည်းများသုံးစွဲ၍ စက်မှုထုတ်ကုန်များထုတ်လုပ်နိုင်သောအဆင့်သို့ တက်လှမ်းနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ သို့မှသာ စက်မှုထုတ်ကုန်ပစ္စည်းများကို တိကျသေချာစွာ မြန်မြန်ဆန်ဆန် သက်သက်သာသာ အရည်အသွေးရှိရှိ ထုတ်လုပ်နိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း"

ပြောကြားသွားသည်။

မန္တလေးစက်မှုဇုန်သည် သွင်းကုန်အစား ထိုးပစ္စည်းများသာမက လယ်ယာသုံး စက်ကိရိယာများ၊ စက်အရန်ပစ္စည်းများနှင့် ပြည်ပပို့ကုန်များပါ ထုတ်လုပ်လျက်ရှိသော ပုဂ္ဂလိကစက်မှုဇုန်ဖြစ်သည်။ ရင်နှီးမြှုပ်နှံမှုပမာဏသည် ကျပ်သန်း ၇၂၀၀ကျော်ရှိပြီး တစ်နှစ်လျှင်ပျမ်းမျှထုတ်လုပ်မှု တန်ဖိုးမှာ ကျပ်သန်း ၄၅၀၀ကျော် ရှိသည်။

သွင်းကုန်အစား ထိုးပစ္စည်းများအဖြစ် ချည်၊ ကတ္တီပါများ၊ ကွန်ကျုပိုက်များ၊ သွားတိုက်ဆေးများ၊ ဓာတ်ခဲများ၊ လက်နှိပ်ဓာတ်မီးများ၊ သောဝခလောက်များ၊ စပယ်ရိန်ရစ္ဆြဲပွဲမွေ့ရာများ၊ ချည်မျှင်များ၊ မီးစက်များ၊ စက်ဘီးတာယာများ၊ လက်တွန်းထွန်စက်များ၊ မော်တော်ယာဉ်များကိုလည်းကောင်း၊ ပို့ကုန်ပစ္စည်းများအဖြစ် သစ်အချောထည်များ၊ သစ်နှင်းကြိမ် ပရိဘောဂများကိုလည်းကောင်း ထုတ်လုပ်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့စက်မှုလက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် သွင်းကုန်အစား ထိုးနိုင်သည့်လုပ်ငန်းမှတစ်ဆင့် ပို့ကုန်အဖြစ် ယှဉ်ပြိုင်ထုတ်လုပ်နိုင်သည့်လုပ်ငန်း၊ စက်မှုနည်းပညာဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းများဖြစ်စေရန် စက်မှုလုပ်ငန်းရှင်များက မျှော်မှန်းချက်မြင့်မြင့်မားမားထားရှိကာ ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဘဂျက်ထောက်ပံ့ငွေ ကွန်ပျူတာများလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃

စာရင်းစစ်ချုပ်ရုံးသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နှစ်နိုင်ငံ စီးပွားရေးနှင့်ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိရေး အစီအစဉ်အရ ကွန်ပျူတာများလှူဒါန်းခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက စာရင်းစစ်ချုပ်ရုံး ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနား၁သို့ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းဆောင်၊ ဒုတိယစာရင်းစစ်ချုပ်ဦးခင်ဝင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်နှင့် စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H. E. Mr. Li Jinjun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနား၁တွင်မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးက စာရင်းစစ်ချုပ်ရုံးသို့ ကွန်ပျူတာများ လှူဒါန်းခဲ့အကြောင်းကို ရှင်းလင်းပြောကြားပြီး ကွန်ပျူတာများ ဝေးအပ်လှူဒါန်းရာ စာရင်းစစ်ချုပ်ဗိုလ်ချုပ်လွန်းမောင်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယမန်နေ့က လှူဒါန်းသည့် ကွန်ပျူတာ၁၄လုံး၏ တန်ဖိုးမှာ ဒွေကျပ် ၂၅ သိန်းခန့်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခိုးကုတ်ဒဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၃

ရန်ကုန်တိုင်း သဃ်းနှန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် မိုးကုတ်ဝိပဿနာပုဏ္ဏမီမဟာရုံသာကျောင်းတိုက် စခန်းအကျိုးတော်ဆောင်များကကြီးမှူး၍ (၆၅)ကြိမ်မြောက် တရားပွဲကို ဒီဇင်ဘာ ၁၀ရက်မှ ၁၉ရက်ထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။ ယင်းစခန်းပွဲတွင် ဧကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ကမ္မဋ္ဌာန စရိယ ဆရာတော်ဦးသုမင်္ဂလ အရှင်သူမြတ် (မြင်းခြံ)က သစ္စာလေးပါး တရားတော်များနှင့် အလုပ်ပေးတရား များကို ဟောကြားပြသမည် ဖြစ်သည်။ တရားဝင်လိုသော ဃာဒီများသည်ဒီဇင်ဘာ ၉ရက် ညနေ၆နာရီအရောက် ပုဏ္ဏမီမဟာရုံသာကျောင်းသို့ လာရောက်ကြကြရန် ဦးဆော်ထားသည်။ **(က–ပ)**

လှူမှုကိစ္စဦးစီးဌာန အမှတ်(၂)လှိုင်သာယာ မူလတန်းကြီးကျောင်း၏ ဥဇာဇာဖွင့်ရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့ကို နိုဝင်ဘာ ၂၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်သန်းကြည်က ပထမဆုရ မဓမ္မေတ်နိုးခင်အား ဆုချီးမြှင့်စဉ်။

(က–ပ)

ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃

Edulight Computer Centre တွင် ကွန်ပျူတာ နည်းပညာအား အခြေခံမှစ၍ အဆင့်မြင့်ပညာရပ်များကို စဉ်ဆက်မပြတ် လစဉ်တန်းခွဲများဖွင့်လှစ်၍ သင်ကြားပို့ချပေးလျက်ရှိသည်။ Programming Course ဖြစ်သော Java Professional, Visual Basic Professional နှင့် Software Engineering သင်တန်းသစ်များကို လုပ်ငန်းခွင် ဝင်နိုင်ဆော IT Professional တစ်ယောက်ဖြစ်စေရန် ဝါရင့်ဆရာများကိုယ်တိုင် သင်ကြားမည်ဖြစ်သည်။ ထို့အပြင် Basic Course, Desk Top Publishing Course, Graphic Design Course, Webpage Design Course (Basic and Advanced), A+ Hardware and System Course (Basic and Advanced), Computerized Accounting Course များကို သင်တန်းသစ်များ ထပ်မဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ ထို့အတူ Computing English, English Language နှင့် Japanese Language သင်တန်းများကိုလည်း လစဉ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

စိတ်ပါဝင်စားသူများသည် အမှတ် ၁၁၉/၁၂၁၊ ငါးလွှာ၊ လသာလမ်း(အပေါ်) လသာမြို့နယ် ရန်ကုန်မြို့ဖုန်း–၀၁–၃၇၂၆၈၀သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။

(က–ပ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း၊ ထုတ်လုပ်ရေးဌာနခွေဘွဲ့ဌာနမှူး ဦးတင်ဆေနှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၁ ရက်က ကျောက်တန်းမြို့နယ် မုဆွမ ပင်လယ်ကွေ့ရှိ ထုတ်လုပ်ရေးဌာန အောင်ရေမိုးသာ ရေးနှံပုစွန်မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး မွေးမြူထားသည့် ရေလန်ပုစွန်များ ကြီးထွားရှင်သန်မှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (၂၁၀)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

■ မသန်စွမ်းမှ

အခမ်းအနား၌ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးရုံးချုပ်များနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ စေတနာဝန်ထမ်းလူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ပြိုင်ပွဲအသီးသီး၏ ဒိုင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ မသန်စွမ်းသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ ဆုရှင်ဘ၀ဆိုင်ရာ ထူးချွန်မသန်စွမ်းသူများ၊ မသန်စွမ်းသင်တန်းကျောင်းများမှ ထူးချွန်မသန်စွမ်းကျောင်းသားကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုဖြင့် ကမ္ဘာတဝှမ်းရှိ မသန်စွမ်းသူများ ဂုဏ်ပြုခံယူခြင်းခံရသည့်အတွက် ယခုဆိုလျှင်အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ဝေါဟာရွန်းလာရခြင်း၏ ရည်မှန်းချက်များဖြစ်သော –

- **မသန်စွမ်းသူများအပေါ် သိရှိနားလည်မှု တိုးမြှင့်လာစေရန်၊**
- **မသန်စွမ်းသူများနဲ့ ပတ်သက်ပြီး လက်တွေ့ကျည်မှု အစီအစဉ်တွေကို မသန်စွမ်းသူများနဲ့ ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ရန်၊**
- **အခွင့်အရေး တန်းတူညီမျှမှု အပေါ် အခြေခံပြီး မသန်စွမ်းသူများ၏ ဘဝအဆင့်အတန်း မြင့်မားရေးအတွက် ဦးတည်ဆောင်ရွက်ပေးရန်**

ဆိုသည့် ရည်မှန်းချက်များသည် မြန်မာနိုင်ငံတော်၏ မသန်စွမ်းသူများနှင့် ပတ်သက်သည့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အကျိုးရလဒ်ကောင်းများအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ ပီဝိပြင်ပြင် အကောင်အထည်ပေါ် ဖြစ်ထွန်းနေပြီဖြစ်သည်ကိုဆွဲကြေရမည်ဖြစ်ကြောင်း။

လူမှုဖွံ့ဖြိုးရေး

အမှန်တကယ်အားဖြင့် ကမ္ဘာ့ပေါ်တွင်ရှိသော လူသားများအနက် စာနာဖွယ်ကောင်းလှသည့် မသန်စွမ်းသူများကို စိတ်ဓာတ်ခြင်တင်ပေးရေး၊ ဂုဏ်သိက္ခာမြင့်မားရေးနှင့် အခြားသူများနှင့် တန်းတူရည်တူ လူမှုအခွင့်အရေးများ ခံစားနိုင်ရေးတို့အတွက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မှုကို နိုင်ငံတော်အစိုးရ၏ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍတွင်ထည့်သွင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် မသန်စွမ်းသူများကို အပစ်ပယ်ခံဘ၀မရောက်ရှိစေရအောင် စိတ်ဓာတ်ရေးရာ ခြင်ဝင်းတက်ကြွစေရအောင် လွှဲကောင်အဖွဲ့အစည်းအတွင်း လူဂုဏ်သိက္ခာပြည့်ပြည့်ဝဝဖြင့် တန်းတူရည်တူ ရပ်တည်နိုင်စေရအောင် မသန်စွမ်းသူများ၏ဘ၀ ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ ဆေးဝါးကုသပေးခြင်း၌ပြင် ပြန်လည်ထူထောင်မှု လုပ်ငန်းစဉ်များနှင့် လူမှုရေးအရ ပြန်လည်ထူထောင်ခြင်းများကို နည်းပညာ၊ ငွေကြေးနှင့် ရိကွာအကူအညီများ အပါအဝင် လိုအပ်သော ကူညီထောက်ပံ့မှုများ အားပေးဆောင်ရွက်ပေးလျက်ရှိနေကြကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရဌာနများအနေနှင့် လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ရပ်ရွာအတွင်း နာမကြားသော ကဆေးသူငယ်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသော ကလေးသူငယ်များကို ဖော်ထုတ်ပြီး ဆေးဝိဇ္ဇာပညာသင်ကြားနိုင်ရေး၊ လိုအပ်သော လေကျင့်ပျိုးထောင်မှုများ ပြုလုပ်ပေးနိုင်ရေးအတွက် မိသားစုပညာပေးဖြင့် လုပ်ငန်းများ အပါအဝင် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေလျက်ရှိနေကြောင်း။

ရွှေတံဆိပ်ဆုဆွတ်ခူး

မသန်စွမ်းသူများကို မသန်သော လည်း စွမ်းသူများအဖြစ် အောင်အောင်မြင်မြင် လေ့ကျင့်ပျိုးထောင်ပေးမှုများ၏ အကျိုးရလဒ်ကောင်းတစ်ရပ်အနေနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်ပေးနိုင်ခဲ့သည်အတွက် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုဆွတ်ခူး ရရှိနေခြင်းဖြင့် ပြည်သူများ၏ ဘဝတို့ မြင့်တင်ပေးကြပါ၊ လက်ရှိရရှိထားသော အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ဆက်လက်မြင့်တင် ကြိုးပမ်းသွားကြပါဟု တာဝန်ရှိသူအသီးသီးကို တိုက်တွန်းလိုက်ကြောင်း။

ဂုဏ်ယူဝင်ကြွားဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ပြုလုပ်ပေးထားသော အဆောက်အအုံများ၊ ယာဉ်များ၊ ကိရိယာတန်ဆာပလာများ ရရှိအသုံးပြုနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ညွှန်ကြားလိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

(သတင်းစဉ်)

ဤကဲ့သို့ အခြေအနေ အချိန်အခါကောင်းတွင် မသန်စွမ်းသူများ၏ ဘဝတိုးတက်မြင့်မားရေး၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ဂုဏ်သိက္ခာမြင့်မြင့်မားမားနှင့် တန်ဖိုးရှိသော လူသားတစ်ဦးအဖြစ် ရပ်တည်နိုင်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြားသော နိုင်ငသူ နိုင်ငသားများနည်းတူ အရည်အသွေး ပြည့်ပြည့်ဝဝ မြင့်မြင့်မားမားဖြင့် ထိုက်တန်သည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်အား ဃ ချီမြှောက်မှုနှင့် ပြည်သူများ၏ တက်ကြွစွာ ပူးပေါင်းပါဝင် ကြိုးပမ်းမှုတို့ဖြင့် မသန်စွမ်းသူများ၏ ဘဝကို မြင့်တင်ပေးကြပါ၊ လက်ရှိရရှိထားသော အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ဆက်လက်မြင့်တင် ကြိုးပမ်းသွားကြပါဟု တာဝန်ရှိသူအသီးသီးကို တိုက်တွန်းလိုက်ကြောင်း။

ဂ်ဂုဏ်ယူခံရသူများနှင့် အဖွဲ့အစည်းများ

ဂ်ဂုဏ်ယူခံရသူများနှင့် အဖွဲ့အစည်းများမှာ ပြည်ပဝင်ငွေတိုးမြှင့်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ထူးချွန်ဆန်းသစ်မှုများ ပြုလုပ်ခဲ့ကြသူများ၊ ပြည်ပရောင်းချရေး

အမေရိကန်ဦးဆောင်သော ကျူးကျော်တပ်များကို အိရတ်တို့မယုံကြည် အိရတ်ပြည်သူလူထု လုံခြုံမှုရှိရေးသည် တိုင်းပြည်၏ ဦးစားပေးဖြစ်

လန်ဒန် ဒီဇင်ဘာ ၂

အိရတ်လူမျိုး ၈၀ ရာခိုင်နှုန်းခန့်သည် အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေးတပ်များအပေါ် ယုံကြည်ကိုးစားမှုမရှိကြဟော့ဘဲ ဘာသာရေးခေါင်းဆောင်များတွင် ယုံကြည်သက်ဝင်လာကြသည်ဟု ဗြိတိန်နိုင်ငံ၌ တနလာနေ့က ထုတ်ပြန်လိုက်သော စူးစမ်းလေ့လာချက်တွင် ဖော်ပြထား သည်။

အိရတ်လူမျိုး ထက်ဝက်နီးပါးက သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားခြင်းသည် ပြီးခဲ့သည့် ၁၂ လ ကာလအတွင်း အကောင်းဆုံးလုပ်ဆောင်ရမည့် အလုပ်ဖြစ်သည်ဟု သဘောထား ကြပြီး သုံးပုံတစ်ပုံက စစ်မက်ဖြစ်ပွားခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် ဓပြိုလဲထဲ၌ အိရတ်စစ်တပ် ပျက်ပြားခြင်းတို့က ပိုဆိုးသည်ဟု သဘောထား ကြသည်။

ဆက်ဒမ်ဟူစိန်ထဲမှ အိရတ်တို့ကို လွတ်မြောက်စေခဲ့သော တပ်များသည် ယနေ့အချိန်အခါတွင် အိရတ်၌ မယုံသက်အဖြစ်ရ ဆုံးဖြစ်သည်ဟု စူးစမ်းလေ့လာရေး ပြုလုပ်ကြသူများက ပြောဆိုသည်။

ယခု စူးစမ်းလေ့လာမှုကို အောက်တိုဘာလနှင့် နိုဝင်ဘာလထဲ၌ အိရတ်လူမျိုး ၂၂၄၄ အား အိရတ်နိုင်ငံထဲ၌ပင် မေးမြန်းလေ့လာ ခဲ့ခြင်းဖြစ်ပြီး ဗြိတိသျှ သုတေသနအတိုင်ပင်ခံ အောက်စ်ဖို့ဒ် နိုင်ငံတကာ သုတေသနဌာန(အိုအာအိုင်)က ဆောင်ရွက်ခဲ့သည်။

စူးစမ်းလေ့လာသူများ၏ ၉၀ ရာခိုင်နှုန်းက ဒီမိုကရေစီလိုလား ပြီး ၇၁ ရာခိုင်နှုန်းက အင်အားတောင့်တင်းလျက်ရှိသော အိရတ် ခေါင်းဆောင်တစ်ဦးကို လိုလားကြသည်။ ၁၂ ရာခိုင်နှုန်းကမူ ဘာသာရေးခေါင်းဆောင်များဖြင့် ဖွဲ့စည်းသော အစိုးရအဖွဲ့ကို အလိုရှိကြသည်။

စူးစမ်းလေ့လာခဲ့သော အိရတ်လူမျိုး သုံးပုံနှစ်ပုံက ပြည်သူလူထု လုံခြုံမှုပြန်ရရေးကို တိုင်းပြည်၏ ထိပ်တန်းဦးစားပေးအဖြစ် သဘောထား ကြသည်ကို တွေ့ရှိရသည်။

စူးစမ်းလေ့လာခဲ့သူများအနက် ၅၇ ရာခိုင်နှုန်းက အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များအပေါ် ယုံကြည်ကိုးစားလိုစိတ် မရှိကြသည်ကို တွေ့ရှိရပြီး နောက်ထပ် ၂၂ ရာခိုင်နှုန်းက လုံး၀ မယုံကြည်ဟု ဆိုကြသည်။

အိရတ် ၄၂ ရာခိုင်နှုန်းကမူ အိရတ်ကို သိမ်းပိုက်ထားသော အမေရိကန်ဦးဆောင်သည့် တပ်များအစား အိရတ် ဘာသာရေး ခေါင်းဆောင်များအပေါ် ယုံကြည်မှုရှိကြသည်ကို စူးစမ်းလေ့လာမှု၌ တွေ့ရှိရသည်။ **အမ်အင်အေရိုက်တာ**

ဒီဇင်ဘာ ၂ ရက်က အိရတ်နိုင်ငံ ဘာဂူဘာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ညဘက် စီးနင်းရာဖွေမှုတစ်ရပ်ပြုလုပ်စဉ် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မကျေနပ်ချက်ပြောကြား

ဒီဇင်ဘာ ၁ ရက်က အိရတ်နိုင်ငံ ဘာဆာရာမြို့လယ်တွင် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးကို အိရတ်လူငယ်တစ်ဦးက မကျေနပ်ချက်များကို ပြောကြား နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိရတ်၌ လုံခြုံရေးအခြေအနေဆိုးရွားလာနေ အမေရိကန်တပ်ဖွဲ့ဝင်များ တစ်နေ့တည်း(၂၂)ကြိမ်နှုန့် တိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂

အိရတ်နိုင်ငံအတွင်း လုံခြုံရေးအခြေအနေ ယိုယွင်းလာမှုသည် အဓိကပြဿနာတစ်ရပ်ဖြစ်နေပြီး အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်တိုက်ခိုက်ခံရမှု အကြိမ်(၂၂)ကြိမ်နှုန့် ရှိနေဆဲဖြစ်ပြီး သေဆုံးသူဦးရေများမှု မြင့်တက်လာကြောင်း သိရသည်။

အမေရိကန်တို့ကို တိုက်ခိုက်မှုများမှာ အယ်ခိုင်ဒါတို့ မဟုတ်ဘဲ၊ သမ္မတဆက်ဒမ်ဟူစိန်၏ ညာလက်ရုံး အစ်ဇက်အီဘရာဟင်က ညွှန်ကြားနေကြောင်း သတင်းထွက်ပေါ်လာခဲ့ပြီး ဆက်ဒမ် ဟူစိန်၏ ဘဂ္ဂဒက်ဝင်များ၊ သစ္စာခံများ၊ အီရတ်မျိုးချစ်လူမျိုးများက အများဆုံး ပါဝင်လှုပ်ရှား တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

များပြား

အသေခံဗုံးခွဲတိုက်ခိုက်မှုကဲ့သို့သော စိတ်ကူးစိတ်သန်းများကိုမူ ပြည်ပမှ ရဂျိုနိုင်ခြင်းဖြစ်ပြီး အီရတ်နိုင်ငံတွင်းသို့ ပြည်ပတိုက်ခိုက်ရေးသမား အနည်းငယ်သာရောက်ရှိနေကြောင်း၊ တိုက်ခိုက်မှု အကြိမ်အရေအတွက် နည်းပါးသော်လည်း တစ်ကြိမ်လျှင် သေဆုံးသူဦးရေ များပြားလာမှုကြောင့် အမေရိကန်တပ်ဖွဲ့ များနှင့် မိသားစုများအတွက် စိတ်သက်သာမှုမရစေကြောင်း သိရသည်။

သေဆုံး

အီရတ်နိုင်ငံအတွင်း တိုက်ခိုက်မှုများကြောင့် နိုဝင်ဘာလ တစ်လတည်းမှာပင် အနည်းဆုံး ၇၉ ဦးခန့် သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ထုတ်ပြန်ချက်များအရ သိရသည်။

(စီအင်န်အင်န်)

မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ခရီးနင်းရာဓလေ့ အခိုင်တိုင်းရာဒေသေဘာလည်း တရားမဝင်လက်နက်များမတွေ့

မိုဆူးလ် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ရုတ်တရက် စီးနင်းရှာဖွေမှုများ ယခုသိတင်းပတ်များ အတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည် သိတင်းနှစ်ပတ်က အမေရိကန်ရဟတ်ယာဉ် ပေါက်ကွဲပျက်စီးရာတွင် အမေရိကန် တပ်ဖွဲ့ဝင် ၁၇ ဦးသေဆုံးသွားခြင်းမှာ ခုံးကျည်ဖြင့်ပစ်ခတ်ခံရခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန် အရာရှိများက ပြောကြား ခဲ့သည်။

ဖြစ်ပွား

မိုဆူးလ်မြို့ အနီးဝန်းကျင်ဒေသများရှိ နေအိမ်တိုင်းကို ရှာဖွေခဲ့ကြရာ အိရတ်အမျိုးသမီးကြီးများမှာ ကြောက်ရွံ့ထိတ်လန့်နေကြကြောင်း ထိုဒေသဆေးနေရာတွင် ဒီဇင်ဘာ ၁ ရက်က ချို့ယို တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

မတွေ့ရှိ

လူနေအိမ်ခြေများထဲ ဝင်ရောက်ရှာဖွေရာတွင် တရားမဝင်လက်နက်များ ရှာဖွေမတွေ့ရှိခဲ့ရကြောင်း လူစည်ကားရာလမ်းတစ်လမ်းတွင်သာ အိမ်လုပ်ဗုံးတစ်လုံးကို ရှာဖွေတွေ့ရှိခဲ့သည်။

ယုံကြည်

အမေရိကန်တို့အား တိုက်ခိုက်နေခြင်းကို စိစဉ်ညွှန်ကြားနေသူများမှာ ဆက်ဒမ်ဟူစိန်၏ ညာလက်ရုံးဖြစ်သူ အီဘရာဟင်ဗာဒိုရိုဖြစ်လိမ့်မည်ဟု အမေရိကန်တို့က ယုံကြည်နေကြခြင်းကြောင့် ၎င်းကို လိုက်လံရှာဖွေနေကြသည်။ **(စီအင်န်အင်န်)**

အမေရိကန်မူဝါဒကို ဂျပန်အစိုးရက ထောက်ခံနေ၍ သံတမန်နှစ်ဦး သေဆုံးရခြင်းအပေါ် ဂျပန်ပြည်သူများ ဆန္ဒပြ

တိုကျို ဒီဇင်ဘာ ၂

အီရတ်၌ ဂျပန်တို့သေဆုံးခဲ့ရသည်အတွက် ဂျပန်ပြည်သူများက ဆန္ဒပြပွဲတစ်ရပ် ကျင်းပ ခဲ့ကြသည်။ အမေရိကန်အစိုးရ၏ မူဝါဒကို ဂျပန်အစိုးရက ဆက်လက်ထောက်ခံနေခြင်းကြောင့် ဂျပန်သံတမန်နှစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်လူမျိုးတစ်ဦးက ပြောကြား ခဲ့သည်။

ပြောကြား

ဂျပန်အစိုးရ၏ လုပ်ရပ်ကို လက်ခံနိုင်စရာမရှိကြောင်း၊ အီရတ်နိုင်ငံအခြေအနေ ပိုမိုဆိုးရွားလာနေကြောင်း အီရတ်တစ်နိုင်ငံလုံးသည် ယခုအခါ စစ်တလင်းဖြစ်နေကြောင်း ဂျပန်အတိုက်အခံ ခေါင်းဆောင်က ပြောကြား ခဲ့သည်။

မစေလွှတ်သင့်

အတိုက်အခိုက်ကင်းလွတ်သည် နယ်မြေရှိသော်လည်းဟု မေးမြန်းလျှင်မရှိပါဟု ဂျပန် အများစုက ဖြေဆိုမည်ဖြစ်ကြောင်း၊ ဂျပန်ပြည်သူ ၄၀ ရာခိုင်နှုန်းက အီရတ်နိုင်ငံ လုံခြုံရေး တည်ငြိမ်မှုသာ ဂျပန်တပ်ဖွဲ့ဝင်များ စေလွှတ်သင့်ကြောင်း ပြောကြားခဲ့ပြီး ၄၃ ရာခိုင်နှုန်းက မည်သည့်အခြေအနေ မည်သည့်အချိန်၌ဖြစ်စေ ဂျပန်တပ်ဖွဲ့ဝင်များကို စေလွှတ်ခြင်းမပြုသင့်ကြောင်း ပြည်သူသဘောဆန္ဒ သဘောထားကောက်ယူရာ၌ ဖော်ပြထား သည်။ **(စီအင်န်အင်န်)**

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်တိုက်ခိုက်ခဲ့သည်မှာလအတန်ပင် ကြာခဲ့ပြီဖြစ်သော်လည်း အမေရိကန်တို့ အီရတ်နိုင်ငံကို တည်ငြိမ်မှုရအောင် ကြိုးပမ်းနိုင်မှုမရှိသေးဘဲဖြစ်နေသည်။

(အပေါ်ပုံမှာ အီရတ်နိုင်ငံ ဘာဆရာရှိ၌ အီရတ်ရဲတပ်ဖွဲ့ဝင်များက ဗြိတိသျှတပ်ဖွဲ့ဝင်များကို ယင်းတို့၏ မကျေနပ်ချက်များကို ပြစ်တင်ပြောဆိုနေကြစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်ပြည်သူအများစုမှာ အမေရိကန်တပ်များကို အယုံအကြည်ကင်းမဲ့လျက်ရှိသည်။

(ယာပုံမှာ ဘဂ္ဂဒက်မြို့တိုင်း၌ အမေရိကန်တပ်များ ဝင်ရောက်တိုက်ခိုက်ရာ၌ အိမ်ပြည်သူအချို့ နှင့်တိုက်ပွဲဖြစ်နေစဉ်ကိုကလေးငယ်များ ချောင်းကြောင်းကြည့်ရှုနေစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်ဦးဆောင်တပ်များက အီရတ်မြောက်ကျားများအား တိုက်ခိုက်ရာတွင် အပြစ်မဲ့ပြည်သူများ သေကျေလျက်ရှိသည်။ (အပေါ်ပုံမှာ ဒီဇင်ဘာ ၁ ရက်က ဆာမာရာမြို့ကို အမေရိကန်ဦးဆောင်တပ်များက ဝင်ရောက် စီးနင်းတိုက်ခိုက်မှုကြောင့် သေကျေခဲ့ရသည့်ဆွေမျိုးများအတွက် အီရတ်ခွစ်ဦး ယူကြိုးမရ ငိုကြွေးနေကြစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်တည်ငြိမ်ရေးအမေရိကန်မကြိုးပမ်းနိုင်

အပြစ်မဲ့အီရတ်များ ကျူးကျော်စစ်ကြောင့်သေကျေနေရ

အီရတ်ပြည်သူများ အမေရိကန်တို့ကို အယုံအကြည်မရှိ

ဂျပန်ပြည်သူများက ကျူးကျော်တိုက်ခိုက်မှုကို ဆန့်ကျင်

ဒီဇင်ဘာ ၂ရက်က တိုကျိုမြို့ ရှင်ဂျုကုဒေသ၌ အီရတ်စစ်ဆန့်ကျင်ဆန္ဒပြပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။

(အပေါ်ပုံမှာ ဂျပန်လူငယ်တစ်ဦးက စစ်ဆန့်ကျင်သည် အီးမေးလ် တစ်စောင်ကို ဂျပန်ဝန်ကြီးချုပ်၏ ဝက်ဘ်ဆိုက်သို့ ပေးပို့နေစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

စစ်ဆန့်ကျင်

အမေရိကန်တို့၏ ကျူးကျော်စစ်ကြောင့် သေကျေဂျက်စီးကြသူများထဲတွင် အီရတ်ကလေးငယ်များလည်း အပါအဝင်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ မုဆိုးသံ၊ အမြွာက်သံ၊ သေနတ်သံများကြားတွင် ရုန်းကန်လှုပ်ရှားနေကြရသည်။

(အောက်ပုံမှာ ဘဂ္ဂဒက်မြို့မြောက်ဘက် ၁၂၅ ကီလိုမီတာအကွာရှိ ဆာမာရာမြို့ကို အမေရိကန်တပ်များက ဝင်ရောက်တိုက်ခိုက်စဉ်အတွင်း သေနတ်ကျည်ဆန်ပေါက်များဖြစ်နေသော အိမ်တစ်အိမ်အတွင်းမှ ကလေးငယ်တစ်ဦး ကြောက်ရွံ့ထိတ်လန့်ပြီး ငိုကြွေးနေသည်ကို ထွေ့ရစဉ်။)

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ယာဉ်တန်းတစ်ခုတိုက်ခိုက်ခံရ
ကိုလံဘီယာ ကန်ထရိုက်တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရသဖြင့် ကိုလံဘီယာအရပ်သား ကန်ထရိုက်တစ်ဦး သေနတ်ထိမှန်သေဆုံးပြီး လုပ်ဖော်ကိုင်ဖက်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်တပ်မှူးတစ်ဦးက ထွေးကြားသည်။

ယမန်နေ့နံနက်ပိုင်းက ဘာလက်ဒါဒြို့အနီး၌ ကိုလံဘီယာ နိုင်ငံသား ကန်ထရိုက်တစ်ဦးနှင့် အဃေါင်းပါနှစ်ဦး၏ ယာဉ်တန်းကို တိုက်ခိုက်ရေးသမားများက လက်နက်ငယ်များဖြင့် တိုက်ခိုက်ခဲ့ရာ၌ ကန်ထရိုက်သေဆုံးပြီး အပေါင်းပါနှစ်ဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်တပ်စစ်ဆင်ရေးဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် မာခ်ကင်မ်စစ်က ဘဂ္ဂဒက်၌ပြုလုပ်သော သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

အများဆုံး

သိတင်းပတ်ကုန်ပိုင်း၌ ငါးနိုင်ငံမှ လူ၁၄ဦး တိုက်ခိုက်ရေးသမားများ လက်ချက်ဖြင့် သေဆုံးခဲ့ရပြီး နောက် နိုင်ဘာလသည် အမေရိကန်ဦးဆောင်ပြီး အီရတ်ကိုကျူးကျော်သိမ်းပိုက်ခဲ့ချိန်မှစ၍ အသေအပျောက်အများဆုံး၊ သွေးထွက်သံယိုမှု အများဆုံးလ ဖြစ်ခဲ့သည်။

သေဆုံး

နိုင်ဘာလထဲ၌သေဆုံးသော အမေရိကန်နှင့် ပူးပေါင်းတပ်ဖွဲ့များအရေအတွက်သည် ၁၀၅ ဦးဖြစ်ရာ အမေရိကန်တပ်ဖွဲ့ဝင်မှာ ၇၉ဦးဖြစ်၍ ပူးပေါင်းတပ်ဖွဲ့ဝင်ဦးရေမှာ ၂၆ ဦးဖြစ်သည်။ အာဖဂန်ကနစ္စတန်၌ ပြီးခဲ့သော နိုဝင်ဘာလက သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးနှင့် ပါဆိုလျှင် နိုဝင်ဘာလသည် ၁၉၉၁ခုနှစ် ဖေဖော်ဝါရီလမှစပြီး အမေရိကန်စစ်တပ်အတွက် အသေအပျောက်အများဆုံးလ ဖြစ်ခဲ့သည်။ ၁၉၉၀–၉၁၌ ဖြစ်ပွားခဲ့သော ပင်လယ်ကွေ့စစ်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၆၂ ဦး သေဆုံးခဲ့ရသည်။

ဂျက်ဆီးရန်

အီရတ်တွင် အမေရိကန်နှင့် အမေရိကန် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် မဟုတ်သူများကို တိုက်ခိုက်ရေးသမားများက တိုက်ခိုက်ရေးနည်းဗျူဟာဟောင်း တိုက်ခိုက်လာသည် ရည်ရွယ်ချက်သည် အီရတ်၌ အလုပ်လုပ်ရန် အရပ်သားများကို စုဆောင်းဖို့ ခက်ခဲစေရန်နှင့် အမေရိကန်ပြည်ထောင်စု၏ ပူးပေါင်းနိုင်ငံများ အီရတ်၌နေမည်ဆုံးဖြတ်ချက်ကို ဖျက်ဆီးရန်ဖြစ်သည်။ **(အင်တာနက်)**

ဒီဇင်ဘာ ၂ရက်က တီကရစ်မြို့ စစ်အခြေစိုက်စခန်းတစ်ခုသို့ အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းနှင့် လုံခြုံရေးကင်းလှည့်ရန် ပြင်ဆင်နေသော အမေရိကန်တပ်ဖွဲ့များကို ထွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အမေရိကန်ကိုထောက်ခံသော စပိန်ဝန်ကြီးချုပ်၏မူဝါဒ ပိုမိုပြင်းထန်စွာ အတိုက်အခံပြုလာနိုင်

မက်ဒရစ် ဒီဇင်ဘာ ၂

စပိန်ထောက်လှမ်းရေးခုနစ်ဦး စနေနေ့က သေဆုံးခဲ့သော်လည်း စပိန်နိုင်ငံအစိုးရ၏ သွားရာလမ်းကြောင်း မပြောင်းလဲကြောင်း၊ ဆုံးဖြတ်ချက်မပြိုကွဲကြောင်း၊ အီရတ်နိုင်ငံ၌ စပိန်တို့ဆက်နေမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဂျိုစ်မာရီယာအက်ဇ်နာက ယနေ့ ပြောကြားလိုက်သည်။

သေဆုံးနေသော စပိန်ထောက်လှမ်းရေးများ၏ အလောင်းများကို အီရတ်လူငယ်တို့က ကန်ကျောက်နေပုံကို ၂၄နာရီ သတင်းထုတ်လွှင့်သော အစီအစဉ်မှ ထုတ်လွှင့်ပြသခဲ့ရာ အမေရိကန်ပြည်ထောင်စုကို ထောက်ခံသော အက်ဇ်နာ၏ မူဝါဒကို ပိုမိုပြင်းထန်စွာ အတိုက်အခြံလာနိုင်သည်ဟုဆိုသည်။ စပိန်ပြည်သူလူထု၏ သဘောထားအပြင် မှာ အီရတ်ကိုဆင်ခွဲသည့်စစ်ပွဲအား တခဲနှက်ဆန့်ကျင်ရာ အမေရိကန်ပြည်ထောင်စုကို ထောက်ခံလိုသည့် အက်ဇ်နာ၏ဆန္ဒနှင့် သိသိသာသာ ကွဲပြားခြားနားခဲ့သည်။

စနေနေ့က တိုက်ခိုက်သတ်ဖြတ်မှုသည် အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းကို ထောက်ခံသည့်နိုင်ငံများအား ပစ်မှတ်ထားခြင်းဖြစ်ပြီး အီရတ်၌ စပိန်တို့ရှိနေသည့် ရည်ရွယ်ချက်နှင့်ပတ်သက်၍ အချေအတင်ဆွေးနွေးရန် ဖြစ်လာစေသည်။

အီရတ်စစ်ပွဲကို စပိန်လူမျိုးများက တစ်ခဲနက် ဆန့်ကျင်ခဲ့ရာတွင် မကြာသေးခင်ကလုပ်ခဲ့သော လူထုသဘောထား စစ်တမ်း၌ ၈၅ရာခိုင်နှုန်းက ဆက်လက်ဆန့်ကျင်ကြကြောင်းကို ပြသခဲ့သည်။

စပိန်လူမျိုး ရာထောင်ပေါင်းများစွာ လမ်းများပေါ်တွင် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

ဒီဇင်ဘာ ၂ရက်က ဆာမာရာမြို့ပြင်တွင် အမေရိကန်စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရသည့် နေရာတွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆာမာရာမြို့၌ အမေရိကန်စစ်ယာဉ်တန်းနှစ်ခု အတိုက်ခံရ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ဆာမာရာမြို့တွင် အမေရိကန်စစ်ဘက်ယာဉ်တန်းနှစ်ခုကို တစ်ပြိုင်နက်တည်း ချိုးဖိုတိုက်ခိုက်ခဲ့မှုနှင့် ပတ်သက်ပြီး အငြင်းပွားမှုများ ဖြစ်လျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ကို တိုက်ခိုက်သူများက အမှိုးပေါ်များနှင့် လမ်းကြားများမှ တိုက်ခိုက်ခဲ့ခြင်းကြောင့် အမေရိကန်တပ်ဖွဲ့၏ တင့်ကားမှ အမြောက်များဖြင့် အဆောက်အအုံသုံးခုကို ပစ်ခတ်ဖျက်ဆီးခဲ့သည်။

အရပ်သားများသေဆုံး

အီရတ်ငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန်တို့က ပြောကြားခဲ့သော်လည်း သေဆုံးသူဦးရေသည် ထိုထက်နည်းပါးပြီး သေဆုံးသူအများစုသည် အရပ်သားများဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။ အမေရိကန်တို့၏ တွဲပြန်တိုက်ခိုက်မှုသည် ဖြစ်သင့်သည်ထက်ပိုများကြောင်း အီရတ်အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အဓိရှာယက်အယ်လ်ဘာရက်က ပြောကြားခဲ့သည်။ (စီစီတီဗွီ)

လွန်ခဲ့သည့် နှစ်ငါးသောင်းကစပြီး ရှေးလူသားတို့ ပန်းချီဆွဲတတ်ခဲ့ကြ

လန်ဒန် ဒီဇင်ဘာ ၂

ရှေးဦးလူသားများသည် လွန်ခဲ့သော နှစ်ငါးသောင်းခန့်က စတင်ပြီး ပန်းချီရေးဆွဲတတ်ကြောင်းနှင့် အဆိုပါရုပ်ပုံများသည် သမိုင်းမတင်မီခေတ်က အနုပညာလက်ရာများဖြစ်ကြောင်း သုတေသီများက သတ်မှတ်ကြသည်။ အဆိုပါ ရှေးဦးလူသားများ ရေးဆွဲထားသော ပန်းချီလက်ရာများသည် ကမ္ဘာ့အနှံ့ တည်ရှိနေပြီး ယခုအချိန်အထိ နေရာပေါင်း ခုနစ်သောင်းကို တွေ့ရှိထားပြီ ဖြစ်သည်။

ကျောက်ဂူနံရံများတွင် ဇရာဆွဲထားသော ရုပ်ပုံများကို သုတေသီများ အနေဖြင့် အဓိပ္ပာယ်ဖော်နိုင်ရန် နှစ်ပေါင်းများစွာ ကြိုးစားဖော်ထုတ်ခဲ့ပြီး သိအိုရီများစွာလည်း ပေါ်ပေါက်လာသည်။ ယခုလို ရှေးဦးလူတို့ ပန်းချီရေးဆွဲတတ်ခြင်းသည် ၎င်းတို့၏ စဉ်းစားဆွေးနွေးမှုတွင် အဆင့်သစ်တစ်ရပ်သို့ တက်လှမ်းလာခြင်းဖြစ်ပြီး အဆိုပါ ပန်းချီရုပ်ပုံများကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် သုတေသီများက နှိုးဆော်လျက်ရှိသည်။ တန်ဖိုးကြီးမားသော အဆိုပါရှေးဦးပန်းချီလက်ရာပေါင်း ၄၅သန်းခန့်တွေ့ရှိပြီးဖြစ်ကြောင်း သိရသည်။ (စီအက်ဗ်အိုင်)

စပိန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ မိခင်နိုင်ငံ စပိန်သို့ပြန်လာ

မက်ဒရစ် ဒီဇင်ဘာ ၂

အီရတ်နိုင်ငံတွင် လေးလတာဝန်ထမ်းဆောင်ခဲ့သော စပိန်တပ်ဖွဲ့ဝင် ၅၈ ဦးသည် စပိန်နိုင်ငံသို့ အင်္ဂါနေ့က ပြန်လည်ရောက်ရှိလာကြသည်။ ချုံခိုတိုက်ခိုက်မှုကြောင့် စပိန်စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးခုနစ်ဦး လွန်ခဲ့သောစနေနေ့က သေဆုံးခဲ့ရသည်။

မြို့တော် ဘဂ္ဂဒက်ထောင်ဘက်နှင့် ဟီလာအကြားနယ်မြေတွင် ခုခံတိုက်ခိုက်ရေးသမားများက စပိန် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးအရာရှိများပါဝင်သည့် အဖွဲ့တစ်ဖွဲ့ကို စနေနေ့က ချုံခိုတိုက်ခိုက်ခဲ့ရာ ထောက်လှမ်းရေးတပ်ဖွဲ့ဝင် အရာရှိ ခုနစ်ဦး သေဆုံးခဲ့ရသည်။ စပိန်လူမျိုး ထောက်လှမ်းရေးတပ်ဖွဲ့ဝင် အရာရှိတစ်ဦးမှာ ဒဏ်ရာရရှိသွားခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ ပြောဆိုခွင့်ရှိသူက ပြောကြားသည်။ အီရတ်နိုင်ငံထောင်ဘက်နှင့်အလယ်ပိုင်းတွင် စပိန်တပ်ဖွဲ့ဝင်စုစုပေါင်း ၁၃၀၀ ရှိသည်။

အဓိအင်အားဆင်ဟွာ။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်စကားရည်လှုပ်ရှားပွဲ

ရန်ကုန် ဒီဇင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နှင်းနှက် ၉ နာရီတွင် ရန်ကုန်ြိ့ တောင်ဥက္ကလာပဖြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနား၌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦခိုး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာခေါ်ဝေ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြိုးကြပ်မှုကော်မတီနှင့်ဒေါက်တာများ၊ ဆရာဝန်များ၊ သူနာပြုအသင်းတို့မှ တာဝန်ရှိသူများ၊ ခုခံကျကာလသား ရောဂါတိုက်ဖျက်ရေးစီမံချက်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲအခန်းအနားကို ရုပ်သံမီဒီယာများမှ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဦးစီးဌာန ခုခံကျ ကာလသားရောဂါတိုက်ဖျက်ရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်တို့က ဆောင်ရွက်ကြပြီး စီစဉ်အကဲဖြတ်ကြသည်။

ထိုနောက် အေအိုင်ဒီအက်စ်ရောဂါကြုံတွေ့သူများကို အိမ်ဝတွင် မိသားစုဝင်များက ပြုစုစောင့်ရှောက်ခြင်းသည် ဆေးရုံ၌ ကုသခြင်းကဲ့သို့ပင် ထိရောက်ပါသည်ဟု သော ခေါင်းစဉ်ဖြင့် စစ်ဆေးခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ အမှာစကား ပြောကြားသည်။ **(အပေါ်ဂုံ)**

ထိုနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦခိုးက အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား၌ ပြီးတွင် ဧည့်သည်တော်များသည်နန်းမအတွင်းခင်းကျင်း ပြသထား သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ထိုနောက် ဒုတိယပိုင်းအဖြစ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အေအိုင်ဒီအက်စ်ရောဂါ ကြုံတွေ့သူများကို အိမ်ဝတွင် မိသားစုဝင်များက ပြုစုစောင့်ရှောက်ခြင်းသည် ဆေးရုံတွင် ကုသခြင်းကဲ့သို့ပင် ထိရောက်ပါသည်ဟု သော ခေါင်းစဉ်ဖြင့် စစ်ဆေးခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကား ပြောကြား

ရှေ့ဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားသည်။ **(အပေါ်ဂုံ)**

ထိုနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဦခိုးက အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား၌ ပြီးတွင် ဧည့်သည်တော်များသည်နန်းမအတွင်းခင်းကျင်း ပြသထား သည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဆောင်ရွက်လျက်ရှိသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့်လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ထိုနောက် ဒုတိယပိုင်းအဖြစ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အေအိုင်ဒီအက်စ်ရောဂါ ကြုံတွေ့သူများကို အိမ်ဝတွင် မိသားစုဝင်များက ပြုစုစောင့်ရှောက်ခြင်းသည် ဆေးရုံတွင် ကုသခြင်းကဲ့သို့ပင် ထိရောက်ပါသည်ဟု သော ခေါင်းစဉ်ဖြင့် စစ်ဆေးခြင်း၊ ကုသခြင်း၊ ကာကွယ်ခြင်းဆိုင်ရာ အမှာစကား ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ပထမရရှိသော စစ်ချောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ နှင့် ဒုတိယရရှိသော မင်္ဂလာဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အား လည်း ကောင်း၊ ဆုများ ချီးမြှင့်ပေးကြပြီး စစ်ချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အကအဖွဲ့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အာဆစ်ရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၃

မော်လမြိုင် စက်မှုလက်မှု အထက တတိယ အကြိမ်ပြောက် အာဆစ်ယ ပူဇော်ပွဲနှင့် မိတ်ဆုံစာပွဲကို ဒီဇင်ဘာ ၁၃ ရက်(စနေနေ့) နံနက်စနာရီတွင် ရွှေတိဂုံဧတီတော် အနောက်ဘက် မုခ်ရှိ မော်လမြိုင်မဓူဇရုံကြီး၌ ကျင်းပ မည်ဖြစ်ရာ ကျောင်းသားဟောင်းများ၊ မပျက်မကွက် တက်ရောက်ကြရန် ဖြစ်ပြီး အသူငွေများကို ဦးဆန်းဦး ဖုန်း-၀၉-၉၉၄၂၀၅၃ ၊ ဦးလှဟန် ဖုန်း-၀၁-၅၅၂၃၇၅ ၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၀-၂၁၇၇၅ ၊ ဦးကြည်ထွန်းလွင် ဖုန်း-၀၁-၇၂၇၇၁၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-၀)

စာမျက်နှာ ၃ မှ

– အမျိုးသားရေး စွမ်းအားစုထွေ မှာ အပါအဝင်ဖြစ်စေတဲ့ မသန်စွမ်းသူထွေကို သန်သည်ဟုက က စွမ်းအားထွေနဲ့ တိုင်းကျိုး ပြည်ပြုလုပ်ငန်းများမှာ ပူးပေါင်း ပါဝင်ရေးအတွက် ကူညီအား ပေးကြရင်း ခေတ်မီ ဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာမှာ လက်တွဲ ခေါ်ဆောင်သွားကြပါ၊

ဟု တိုက်တွန်း ပြောကြား သွားသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဌာနဆိုင်ရာ ထူးချွန်မသန်စွမ်း ဝန်ထမ်းများ ဖြစ်ကြသည့် ၁၉၅၄ ခုနှစ်တွင် စစ်ကိုင်းတိုင်း ရွှေဘိုမြို့ ကျား၌ မွေးဖွာ်ခဲ့ စိန်ပန်းကုန်း မျက်မမြင် ပညာသင် ကျောင်းကို ဖွင့်လှစ်ခဲ့ ဖူးကြောင်း၊ ကျောင်းသား ကျောင်းသူများအား ပြုစုစောင့်ရှောက်ပညာသင်ကြား ပေးလျက်ရှိတော်မှသော ဆရာတော် ဦးဥေယျ၊ ၁၉၆၉ ခုနှစ်တွင် 'လောကအလှပြခြာတ်'ဖြင့် စာပေမိမာန်ပြခြာတ်စာ ဆေ တတိယဆုကို လည်းကောင်း၊ ၁၉၇၀ ပြည်နှစ်တွင် မောင်စိန်ထွေး၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိဖြင့် သုတပဒေသာ (ဝိစ္ဆာပညာရပ်) တတိယဆုကို လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် 'ဦးနောက်တစ်လုံး လက်တစ်ဖက်၊ ရွှေခရီးအစ' ဖြင့် စာပေပဒေသာ ဒုတိယဆုကို လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် 'ဦးနောက်တစ်လုံး လက်တစ်ဖက်၊ မျက်စိတစ်လုံး၊ ဘဝခရီးအဆက်' စာမူဖြင့် စာပေဗိမာန်စာပဒေသာ ပထမဆုရရှိခဲ့သည့် စာပေထူးချွန် သည် အနုပညာရှင် မသန်စွမ်းသူ ဦးစိန်ထွေး၊ (စ)ကြိမ်မြောက် အရွေ ဖျားနှင့် တောင်ပမိဖိတ်နိုင်ငံများ ဆိုင်ရာ မသန်စွမ်းသူများအား ကစား ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် ငွေတံဆိပ် နှစ်ခုဆွတ်ခူးရရှိခဲ့သည့် နိုင်ငံဂုဏ်ဆောင် ထူးချွန်မသန်စွမ်း အား ကစား သမား တစ်ဦးဖြစ်သူ ဒေါ်ခင်ဖြိုး(၁၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အား ကစား ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆေး၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည့် နိုင်ငံဂုဏ်ဆောင် ထူးချွန်မသန်စွမ်း အား ကစား သမား တစ်ဦးဖြစ်သူ စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးမြင့်ဆော်နှင့် ၂၀၀၃ ခုနှစ် ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီ ပြိုင်ပွဲတွင် ဗဟို အဆင့် ပြိုင်ပွဲတို့တွင် ပထမရွေးတံဆိပ်နှစ်ဆုဆွတ်ခူး ရရှိခဲ့သည့် ဒဂုတက္ကသိုလ်မှဒုတိယနှစ် (၃ပဒေ)မျက်မမြင်ကျောင်းသား မောင် အောင်နိုင်ထွန်းတို့အား ဂုဏ်ပြုဆုငွေ နှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်သည်။ ယင်းနောက် မသန်စွမ်းသက်ငယ် သင်တန်းကျောင်းမှ ရင်သွေးငယ်များက အကများ ဖြင့် ဖျော်ဖြေတင်ဆက် ကပြကြပြီး အခမ်းအနား ပထမပိုင်း အစီအစဉ်ကို ခေတ္တရပ်နား သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များ ကိုကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား နှင့် ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဖြင့်တို့က မသန်စွမ်းသင်တန်းကျောင်းများအလိုက် ဘက်စုံထူးချွန်ဆု ရရှိကြသူများ ဖြစ်ကြသည့် မသန်စွမ်းသက်ငယ် သင်တန်းကျောင်းမှ မသိမ့်သူသူလင်း၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းမှ မောင်မျိုးကိုကို၊ မန္တလေးနာမကြား သော ကလေးများကျောင်းမှ မဖြိုးဖြိုးထက်၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဒသမတန်းတွင် ပညာသင်ကြား လျက်ရှိသူ မောင်အောင်လွင်ဦး၊ စစ်ကိုင်းမျက်မမြင်ကျောင်းမှ မောင်စိုးဝေမိုးထွန်း၊ အခြေခံပညာ အထက်တန်းစာမေးဖွဲ့ကို ဂုဏ်ထူးသွဲ့ဘာသာဖြင့် နှစ်ချင်းဝါက် ဆောင်မြင်ခဲ့ပြီး ယခု စီးပွားရေးတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြား လျက်ရှိသူ ဇဒင်မသန်စွမ်းသက်ငယ်များ ပြုစုရာ ရိပ်မြို့မှ မောင်စင်မင်းထက်၊ ဓမ္မရိုက်ပ် မင်းနာ မကြား သော ကလေးများ ကျောင်းမှ မအေးအေးမြင့်၊ ပထမနှစ် မြန်မာစာအမိုက ကျောင်းသား တစ်ဦး ဖြစ်၍ အနုပညာဘက်တွင် ထူးချွန် ထက်မြက်သူ ခဲခဲခြမျက်မြင်ကျောင်းမှ မောင်ဝင်းမောင်သန်း၊ သမိုင်း ဘာသာအဓိကဖြင့် စတုတ္ထနှစ်ဖြေ ဆိုပြီးသူ မြစ်ကြီးနား မျက်မမြင် ကျောင်းမှ မလဆီးလှဝေး၊ အကူအညီ ဖေးနှင့် ထောက်ပံ့ရေးအသင်းမှ မလွဖွမ်းထုလွမ်း၊ ပြင်ဦးလွင်မျက်မမြင် ကျောင်းမှ မောင်ထွန်းဝင်း၊ မိတ္ထီလာ မျက်မမြင်ကျောင်းမှ မအေးအေးဝင်း၊ ပခုက္ကူမျက်မမြင်ကျောင်းမှ မောင် အောင်ကျော်လွင်၊ တပ်မတော်သက် ဆွေးပညာသင်ကျောင်းများမှ ဒုတိယ တပ်ကြပ်ကျော်ကျော်ထွန်းနှင့် တပ်ကြပ်ကြီး တင်နိုင်၊ ဘုရား(ဖြူ) မသန်စွမ်း ဓာတာမှ မောင်ခွေးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုစွမ်းရည်ပြိုင်ပွဲ ၂၆ မျိုးတွင် ဆုရရှိကြသူ ၈၄ ဦး တို့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်ခင်နွယ်နွယ်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးစစ်ဖြိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဦးစီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ခင်နွယ်နွယ်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးစစ်ဖြိုင်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဆောင်စိုး၊ မြန်မာနိုင်ငံ မသန်စွမ်းအား ကစား အဖွဲ့ ချုပ် ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာ လုပ်ငန်းကော်မတီဝင် ပါမောက္ခ ဒေါက်တာဒေါ်ခင်အေးဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးဘိုးသန်းတို့က ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် မသန်စွမ်းကလေးများက ထား သံသာများ၊ အကပဒေသာများဖြင့် သိဆိုကပြ ဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား က ဟေ သံသာများ၊ အကပဒေသာများဖြင့် သိဆိုကပြ ဖျော်ဖြေတင်ဆက်ကြသော မသန်စွမ်းကလေးများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်

တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ

တပ်မတော်ခန်းမ

၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့မှ (၂၆)ရက်နေ့

ပညာရေးပြင် ခေတ်မီပွင့်ပြုံးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲတွင် စင်ပြအမျိုးသား၊အဆောင်ဆုရရှိသော အမျိုးသား အမှတ်(၁)တပ်ရဲ အဆောင်(၂)မှ သင်တန်းသား၊များကိုယ်စား ဆုရိုးဖြင့်စဉ်။ (သတင်းစဉ်)

● ပညာခေတ်မှ

အဆိုပါ သင်တန်းဆင်းအခမ်းအနား၁ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ ဓွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဆောင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်ဆောင်ကျော်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဝန်ထမ်းရွေးချယ်လှေကျင်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ တရား၇ဲးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်ဆောင်လတ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်း အခမ်းအနာတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ အနာဂတ် ကောင်းစားခိုင်မာရေးအတွက် လိုအပ်သည့် လူ့အရင်းအမြစ်များကို ပြုစုပျိုးထောင်မွေးထုတ်နေရသော ယခုကဲ့သို့ အချိန်ကာလတွင် အခြေခံပညာကျောင်းများ၌ တာဝန်ယူနေရသည့် ဆရာ ဆရာမများ၏ အနန်းကဏ္ဍသည် အလွန်အရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ဆရာ ဆရာမများ အတွေ့အကြုံ၊ ဗဟုသုတ ပွားများပြီး စိတ်ဓာတ်ရေးရာ မြင့်မြင့်မားမား ဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအထောက်အကူပြုနိုင်စေရန် ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးနေရခြင်း ဖြစ်ကြောင်း။

ရည်ရွယ်ချက်အောင်မြင်

နောင်အနာဂတ်၌ တိုင်းပြည်၏ တာဝန်ကို ဆက်လက်သယ်ဆောင်သွားမည့် မျိုးဆက်သစ်များ၏ လက်ဦးဆရာများဖြစ်သည့်အတိုင်း ဆရာ ဆရာမများသည် မိမိတာဝန်ယူ သင်ကြားနေရသော ဘာသာရပ်များကို ပိုမိုကျွမ်းကျင်နားလည်မှု ရှိပြီး တပည့်များကိုလည်း တတ်သိကျွမ်းကျင်လာအောင် လွယ်ကူရှင်းလင်းစွာ သင်ကြားနိုင်ရမှာဖြစ်ကြောင်း၊ ယင်းကဲ့သို့ ကျွမ်းကျင်တတ်သိမှုများကို လွယ်လွယ်ကူကူ အချိန်တိုအတွင်း ရရှိနိုင်ရန်အတွက် ယနေ့ အခြေခံပညာ ကျောင်းများ၌ရှိနေသော ခေတ်မီ သင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများကို မှန်မှန်ကန်ကန် ကိုင်တွယ်အသုံးပြုနိုင်ကြရမှာ ဖြစ်ကြောင်း၊ ခေတ်မီ သင်ထောက်ကူ အီလက်ထရွန်နစ်ပစ္စည်းများကို ထိထိရောက်ရောက် အသုံးပြုနိုင်မှသာ ယင်းပစ္စည်းများ တပ်ဆင်ထားရုံသည် ရည်ရွယ်ချက် ထမြောက်အောင်မြင်စေမှာဖြစ်ကြောင်း။

တစ်ဖက်က ဘာသာရပ်ဆိုင်ရာ သင်ကြားမှုကို ထိရောက်စွာလုပ်ကိုင် ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ အခြားတစ်ဖက်ကလည်း ဘက်စုံ ပညာသင်ကြားရေး၏ အကျိုးသက်ရောက်မှုများကို စာသင်ကျောင်းအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်သွားနိုင်ရမှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် ဆက်သွယ်ရေးဆိုင်ရာနည်းပညာရပ်များ၏ လျင်မြန်စွာတိုးတက်ပြောင်းလဲမှုများကြောင့် ကမ္ဘာကြီး တစ်ခုလုံးသည် အရိုန်အဟုန်ဖြင့် ဆက်စပ်ယှက်နွှယ် တိုးတက်ပြောင်းလဲနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ယင်းကဲ့သို့ ပြောင်းလဲဖြစ်ပေါ်နေခြင်းကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် အနာဂတ်ကို တတ်နိုင်သမျှ မျှော်မှန်းတွက်ဆပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် အစစအရာရာ ချင့်ချိန်တွက်ချက် ကြိုးပမ်း ဆောင်ရွက်နေကြရသည် အခြေအနေမျိုး ဖြစ်ပေါ်လျက်ရှိနေကြောင်း။

လွှမ်းမိုးခြယ်လှယ်နှုန်ကြိုးပမ်း

ယင်းအခြေအနေမျိုး၌ အချို့သော နိုင်ငံကြီးများက နည်းပညာဖြစ်ထွန်းမှုအရ အသာစီးရနေမှုကို အခွင့်ကောင်းယူပြီး ဖွဲ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့လိုလားသည် လူမှုရေးစနစ်နှင့် ယဉ်ကျေးမှုစနစ်များကို ဆက်သွယ်မှုနည်းပညာ အကူအညီများဖြင့် ထိုးဖောက်ကာ အတွေးအခေါ်ပိုင်း၊ ယဉ်ကျေးမှုပိုင်းတွင် လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းနေကြသည်ကို တွေ့ရှင်ကြောင်း။

ယင်းကဲ့သို့ အခြေအနေများ၌ ပြည်ဆောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ယင်းနိုင်ငံကြီးများ၏ သြစာအာဏာလောင်းရိပ်အောက် ကျရောက်မသွားဘဲ ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်များနှင့်အညီ ခိုင်ခိုင်မာမာ ဖွဲ့ဖွဲ့ဖြိုးဖြိုး ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွဲ့ဖြိုးတိုတက်ပြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်စေရေး အတွက် အရည်အသွေးမြင့်မားသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေး ဆိုသည့် အချက်သည် အဓိကအရေးပါသော အမျိုးသားရေးလိုအပ်ချက်ဖြစ်သည့် အတွက် ပညာရေးကဏ္ဍ အဆင့်မြင့်တင်ရေး အစီအမံများကို နိုင်ငံတော်အစိုးရက အထူးအလေးထား ကြိုးပမ်းဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

အမျိုးသားမျှော်မှန်းချက်

ထပ်ဆင့်ရှင်းလင်း ပြောကြားရမည်ဆိုလျှင် နိုင်ငံတော်ကို ဘက်စုံဖွဲ့ဖြိုးတိုးတက်အောင် တည်ဆောက် အကောင်အထည်ဖော်ရာ၌ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာ အဆင့်အတန်းမြင့်မားမှုက ပင်မအချက်အချာ ကျလျက်ရှိကြောင်း၊ ထို့ကြောင့် ပညာဆော်၏ ပညာရေးကဏ္ဍ မျှော်မှန်းချက်သည် စာသင်ခန်းများအတွင်းမှသာ ကန့်သတ် တည်ရှိနေတော့ဘဲ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးနှင့် ဆက်နွှယ်ပြီး နိုင်ငံသားအားလုံး အခြေခံစာတတ်မြောက်ရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးဆိုသည် ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားမျှော်မှန်းချက်များအထိ အကျုံးဝင်လာရေးပါဖြစ်ကြောင်း။

ထိုကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"Globalization ကလမှာ မိမိအမျိုးသား အကျိုးစီးပွား ပိုမိုနိုင်မြဲအောင်၊ အသိပညာ၊ အတတ်ပညာ ပိုမို၍မြင့်မားအောင် အားထုတ်ကြရမှာဖြစ်တယ်၊ ဒီအခြေအနေတွေ ရင်ဆိုင်နိုင်အောင် အမျိုးသား ပညာရည်မြင့်မားရေးကို မျှော်မှန်းလုပ်ဆောင်ကြရမှာဖြစ်တယ်"** စသည်ဖြင့် လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

စိတ်ပိုင်းဆိုင်ရာပျိုးထောင်

ပညာရေးမြင့်တင်မှု အစီအစဉ်များ၌ ကျောင်းသား လူငယ်များ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှုကို မြင့်တင်ပေးပြီး ဘက်စုံထူးချွန်ထက်မြက်စေရန်၊ ဥပဒေစည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို ထေးစားလိုက်နာတတ်သည့် စာရိတ္တမြင့်မားသော လူငယ်များဖြစ်လာစေရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့ရိုက်နှင့် လူမှုဝန်ဖိုးတို့ကို မြတ်နိုးထိန်းသိမ်းတတ်သည့် လူငယ်များဖြစ်စေရန်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရင်သွင်းနိုင်မှသည် မျိုးချစ်လူငယ်များ ဖြစ်စေရန် စသည် ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွဲ့ဖြိုးတိုးတက်မှုတို့ကို အလေးပေး ပျိုးထောင်ပေးလျက်ရှိသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ပညာရေးမြင့်တင်မှုအစီအစဉ်များ အောင်မြင်ဖြစ်ထွန်းရေးမှာ ဆရာ၊ ကျောင်းသားနှင့် မိဘပြည်သူ တက်ညီလက်ညီ ပူးပေါင်းမွမ်းဆောင်မှုအပေါ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အကူအညီများဖြင့် ထိုးဖောက်ကာ အတွေးအခေါ်ပိုင်း၊ ယဉ်ကျေးမှုပိုင်းတွင် လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းနေကြသည်ကို တွေ့ရှင်ကြောင်း။

ယင်းကဲ့သို့ အခြေအနေအချိန်အခါမျိုး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ယင်းနိုင်ငံကြီးများ၏ သြစာအာဏာလောင်းရိပ်အောက် ကျရောက်မသွားဘဲ ကိုယ်ပိုင်အမျိုးသားရေး ရပ်တည်ချက်များနှင့်အညီ ခိုင်ခိုင်မာမာ ဖွဲ့ဖွဲ့ဖြိုးဖြိုး ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွဲ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်စေရေး အတွက် အရည်အသွေးမြင့်မားသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေး ဆိုသည့် အချက်သည် အဓိကအရေးပါသော အမျိုးသားရေးလိုအပ်ချက်ဖြစ်သည့် အတွက် ပညာရေးကဏ္ဍ အဆင့်မြင့်တင်ရေး အစီအမံများကို နိုင်ငံတော်အစိုးရက အထူးအလေးထား ကြိုးပမ်းဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

အမျိုးသားမျှော်မှန်းချက်

ထပ်ဆင့်ရှင်းလင်း ပြောကြားရမည်ဆိုလျှင် နိုင်ငံတော်ကို ဘက်စုံဖွဲ့ဖြိုးတိုးတက်အောင် တည်ဆောက် အကောင်အထည်ဖော်ရာ၌ နိုင်ငံသားများ၏ အသိပညာနှင့် အတတ်ပညာ အဆင့်အတန်းမြင့်မားမှုက ပင်မအချက်အချာ ကျလျက်ရှိကြောင်း၊ ထို့ကြောင့် ပညာဆော်၏ ပညာရေးကဏ္ဍ မျှော်မှန်းချက်သည် စာသင်ခန်းများအတွင်းမှသာ ကန့်သတ် တည်ရှိနေတော့ဘဲ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးနှင့် ဆက်နွှယ်ပြီး နိုင်ငံသားအားလုံး အခြေခံစာတတ်မြောက်ရေး၊ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ အသက်အရွယ်နှင့် ပညာအဆင့်အတန်းမရွေး စဉ်ဆက်မပြတ် ပညာဆည်းပူးနိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးဆိုသည် ကျယ်ပြန့်နက်ရှိုင်းသည့် အမျိုးသားမျှော်မှန်းချက်များအထိ အကျုံးဝင်လာရေးပါဖြစ်ကြောင်း။

ထိုကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"Globalization ကလမှာ မိမိအမျိုးသား အကျိုးစီးပွား ပိုမိုနိုင်မြဲအောင်၊ အသိပညာ၊ အတတ်ပညာ ပိုမို၍မြင့်မားအောင် အားထုတ်ကြရမှာဖြစ်တယ်၊ ဒီအခြေအနေတွေ ရင်ဆိုင်နိုင်အောင် အမျိုးသား ပညာရည်မြင့်မားရေးကို မျှော်မှန်းလုပ်ဆောင်ကြရမှာဖြစ်တယ်"** စသည်ဖြင့် လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

စိတ်ပိုင်းဆိုင်ရာပျိုးထောင်

ပညာရေးမြင့်တင်မှု အစီအစဉ်များ၌ ကျောင်းသား လူငယ်များ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှုကို မြင့်တင်ပေးပြီး ဘက်စုံထူးချွန်ထက်မြက်စေရန်၊ ဥပဒေစည်းကမ်းနှင့် လူမှုကျင့်ဝတ်တို့ကို ထေးစားလိုက်နာတတ်သည့် စာရိတ္တမြင့်မားသော လူငယ်များဖြစ်လာစေရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့ရိုက်နှင့် လူမှုဝန်ဖိုးတို့ကို မြတ်နိုးထိန်းသိမ်းတတ်သည့် လူငယ်များဖြစ်စေရန်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ရင်သွင်းနိုင်မှသည် မျိုးချစ်လူငယ်များ ဖြစ်စေရန် စသည် ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွဲ့ဖြိုးတိုးတက်မှုတို့ကို အလေးပေး ပျိုးထောင်ပေးလျက်ရှိသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ပညာရေးမြင့်တင်မှုအစီအစဉ်များ အောင်မြင်ဖြစ်ထွန်းရေးမှာ ဆရာ၊ ကျောင်းသားနှင့် မိဘပြည်သူ တက်ညီလက်ညီ ပူးပေါင်းမွမ်းဆောင်မှုအပေါ်

အထူးသဖြင့် မှာကြားလိုသည်မှာ ဤသင်တန်းဌ၌ရှိသော နယ်စပ်ဒေသများတွင် ပညာရေးတာဝန် ထမ်းဆောင်နေကြသည့် ဆရာ ဆရာမများကိုပဲ ရည်ညွှန်းမှာကြားလိုကြောင်း။

နယ်စပ်ဒေသများမှာ ထူးခြားသောဝိသေသလက္ခဏာများ ရှိနေကြောင်း။ တစ်ချိန်က နယ်ချဲ့၏ ဆွေးခွဲအုပ်ချုပ်မှုများကြောင့် တစ်မြေတည်းနေတစ်ရေတည်းသောက်ခဲ့ကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နမအချင်းချင်း တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားကာ လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည့်အထိ ဖြစ်ခဲ့ကြရကြောင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားများ ဆွေးချေးစီးခဲ့ရသကဲ့သို့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းခရီးဆက်သွယ်ရေးများသည်လည်း ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်တော့ဘဲ အဘက်ဘက်က ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ယုံကြည်မှု၊ နားလည်မှု၊ ပူးပေါင်းမှုများပြွေလုပ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းချမှတ်ကာ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာရေးကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုကြောင့် နယ်စပ်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအနေဖြင့် တိုင်းရင်းသားများ၏ အသိဉာဏ်ပညာများ ဖွံ့ဖြိုးလာအောင်၊ ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ဖြစ်ပေါ်လာအောင်၊ နိုင်ငံသားတိုင်း စာတတ်မြောက်လာအောင်၊ မူ၊ယစ်ဆေး၀ါး၏အန္တရာယ်၊ မူ၊ယစ်

မိုးဟူးကူးသန်း ရွှေသိုလှံမ်း

မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်(၁၀၀)ပြည့်ကျင်းပ အထိမ်းအမှတ်အထွတ်တင်ပူဇော်ပွဲ တိုင်းမှူးတက်ရောက်ကြည်ညိုု

ရန်ကုန် ဒီဇင်ဘာ ၃

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အထွတ်တင်ပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ကျင်းပရာ နံနက် ၇ နာရီမှစ၍ မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော် အပေါင်း ၁၂၅၀ တို့အား ဈည်ပရိသတ်များက ဆွမ်း၊ ဆွမ်းဟင်း၊ ခဲဖွယ်နှင့် လူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ပင်သံဃာတော် ၄၀၀ ကျော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်

ထို့နောက် ဝိသေသဒါနကုသိုလ်ရှင်ဖြစ်သော ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ယောဆရာတော်အရှင်သိရိနွာဘိဝံသက သာသနာ့ပိုင်အမှုးပြုသော သံဃာ့ မဟာထေရ်ကြီးများအား သဟဇွတ်ကမြောက်လှူဒါန်းပြီး ဘိုင်းမှူးနှင့် ဧနီး (**အေါ်ပု**) နှင့် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်း-၅)

မအူပင်အသင်း(ရန်ကုန်) နှစ်လည်စည်းဝေးပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃

မအူပင်ပြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၃ ခုနှစ် နှစ်(၃၀)မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုငွေးပွဲကို ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး၊ အာစာနည်လမ်းရှိ နယ်စပ်ဒေသ နှင့်တိုင်းရင်းသား လူမျိုးများ ဖွဲ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်ဖြစ်သည်။ အသက်(၇၅)နှစ် ပြည်ပြီး အသင်း၀င်များနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်၀င်စာဆေးပွဲအောင်မြင်ခဲ့သူ အသင်း၀င်များနှင့်အသင်း၀င်များ၏ သား၊သမီးများသည် အမှတ်စာရင်း၊ ဆောက်ခဲ့ချက်မူရင်းနှင့် မိတ္တူများ နှင့်အတူ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းဖုန်း-၆၃၅၆၆၅၊ အထွေထွေအတွင်းရေးမှူးဦးစိုး ဖုန်း-၅၂၇၁၈၂၊ အမှုဆောင်များဖြစ်သည် ဒေါ်ခင်ခင်ရီဖုန်း-၅၁၀၆၂၄၊ ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀၊ ဦးအောင်ကြည် ဖုန်း-၂၄၈၁၇၆၊ ဦးထိုက်စိ ဖုန်း-၂၉၇၈၁၄၊ အသင်းရုံး ဖုန်း-၅၀၅၉၇၃၄၄ နီ့စပ်ရာ အမှုဆောင်ဝိုင်းထဲ ဒီဇင်ဘာ ၂၀ ရက်ကို နောက် ဆုံးထား၍ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။

(က-၆)

ဗိမာန်ပြန်ထွန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃

